# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်
# မကျီးစုကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၏

# ကျေးရွာလက်စွဲစာအုပ်





မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်
မကျီးစုကျေးရွာအုပ်စု၊ မကျီးစုကျေးရွာနေ အနာဂတ်မျှော်မှန်းမြေပုံ



Scanned by CamScanner

## မာတိကာ


၁။ ကျေးဇူးတင်လွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်

- ဦးအောင်မင်းနိုင် လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲရခြင်းရည်ရွယ်ချက်

၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

၇။ ရာသီခွင်ပြဇယား

၈။ ပြဿနာသစ်ပင်နှင့် ဖြေရှင်းမှုစက်ကွင်း

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ

၁၀။ အနာဂတ်မျှော်မှန်းချက်မြေပုံ

၁၁။ ထူးခြားဖြစ်စဉ်မြေပုံ

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan)

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှုအနေအထားအရ ကျေးရွာမှတဆင့်သတ်မှတ်ထား မှုဇယား။


Scanned by CamScanner

# မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး
# ညွှန်ကြားရေးမှူး ဦးစန်းလွင် ၏
# ဥယျောဇဉ်

ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအဆင့်ဆင့်ဖြင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ လူမှု စီးပွား ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများကဲ့သို့ အထက်မှ စတင် ပြောင်းလဲခြင်း များ အရေးကြီးလှပါသည်။ ကျယ်ပြန့်လှသော ပြည်သူအလွှာစုံနှင့် ကျေးလက် ဒေသနေ ပြည်သူများ ၏ လိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းနိုင်ရေးအတွက် အောက်ခြေ မှစတင်သည့် ပြည်သူ ဗဟိုပြု စီမံချက်များကို ပြည်သူများကိုယ်တိုင် စုစည်း၍ ပါဝင်ဆောင်ရွက် မှုများလည်း အလွန်ပင် အရေးပါသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုသို့ လိုအပ်သော လုပ်ဆောင်ချက်တစ်ခုကို Action Aid Myanmar က အဖွဲ့အစည်း အသီးသီးနှင့် ဆက်စပ် ပူးပေါင်း၍ " **အားလုံးအကျုံးဝင် ဖွံ့ဖြိုး တိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်း ရေးဆွဲခြင်း** " လုပ်ငန်းစဉ်ဖြင့် ကျေးရွာလက်စွဲစာအုပ် (Village Book)များ ဖော်ထုတ် ရေးဆွဲ ပြုစုခြင်းဖြင့် အားဖြည့်လုပ်ဆောင်မှုကို ကြိုဆိုကြမည်ဟု ယူဆပါသည်။

ကျေးရွာလက်စွဲစာအုပ်များတွင် ကျေးရွာများ၌ နေထိုင်ကြသော ဒေသခံများကိုယ်တိုင် ဇာတိမြေရွာ၏ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း၊ စိန်ခေါ်မှု များ၏ ပြဿနာ အရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း တို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာရေးကိုလည်း အားလုံး က အပြုသဘောဆောင်သည့် အတွေးအခေါ်ခံယူချက်များဖြင့် အားဖြည့် ဆောင်ရွက်ကြရမှာ လည်း ဖြစ်ပါသည်။ ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် စစ်မှန် ထိရောက်သော ပြုပြင် ပြောင်းလဲရေး ဆောင်ရွက်ရန် ယခုအစပြုမည့် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေကို ပြည့်ဝစွာ အသုံးချ၍ ပြည်သူ့ဝန်ထမ်းများနှင့်အတူ ကျေးလက်နေပြည်သူအားလုံး ပါဝင်ပူးပေါင်း ဆောင်ရွက်ကြစေကြောင်း စေတနာအရင်းခံဖြင့် ဆန္ဒပြုအပ်ပါသည်။

ဦးစန်းလွင်

ညွှန်ကြားရေးမှူး

မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးဌာန

Scanned by CamScanner

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ခု၊ ကျေးရွာ အုပ်စု (၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၄)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၅.၆၆၁) စတုရန်းမိုင် ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အမျိုးမျိုးအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာမူဂါဒရေးရာ ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကို ပြည်သူအများ ခံစားရရှိနိုင်ဖို့ဟာ အဓိက ကျပါတယ်။ အဲဒီလိုပြည်သူ အများရဲ့ လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထား ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းတွေကိုအောက်ခြေမှစ၍ အမှန်တကယ် ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဂန်ထမ်းများအနေနဲ့ပြည်သူအများရဲ့လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံ၊ပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဂန်ခံယူမှုရှိတဲ့ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူအများရဲ့ဦးစားပေး လိုအပ်ချက်တွေကို ဖော်ထုတ် ဆောင်ရွက်ရာမှာ ပြည်သူအများပူးပေါင်းပါဂင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဂင်ပြီး မိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအမံများ ရေးဆွဲနိုင်မှသာပြည်သူအများ အမှန်တကယ်လိုအပ်ချက်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူ့ဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းမိပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan) ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိ အချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့ အတွက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်း

ဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်အေဒ့်မြန်မာတို့ ပူးပေါင်း၍ **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရ ပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကို ဖော်ထုတ်သွားဖို့နဲ့ လုပ်ငန်းအကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများချမှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။ ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကတာဝန်ယူဖော်ဆောင်ရမယ့်ဌာနဆိုင်ရာများအတွက်**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကဦးဆောင်ပြီး အက်ရှင်အေဒ့် မြန်မာ၏ပံ့ပိုးမှုဖြင့် မြိုင်တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသော အရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့အထူးတလည်မှတ်တမ်းတင်လိုတာကတော့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် တစ်ခုဖြစ်ထွန်း လာဖို့အတွက် စနစ်အတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ် ခံယူချက်(mind-set)တွေ ပြောင်းလဲနိုင်ဖို့လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစံနစ် (GoodGovernance) ၏ အခြေခံအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(6)အများစု၏သဘောကိုရှေးရှုခြင်း(Consensus Orientation)

(7)ညီမျှမှုနှင့်အများစုစဉ်းစားခြင်း(Equity & Inclusiveness)

(8)ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း။(Effectiveness and Efficiency)

(9)တာဝန်ယူမှုရှိခြင်း (Accountability)

Scanned by CamScanner

စတဲ့အခြေခံအရာများတို့ဟာ ကျေးရွာလက်စွဲစာအုပ် ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို ပိုင်းဝန်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ရေးဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင် လိုစိတ်ရှိဖို့အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေအထိဆင်းပြီး ပြည်သူများနဲ့တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်းအရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး အတွက် အစုလိုက်နည်းပညာပိုင်းအရဆက်စပ်ပံ့ပိုးပေးတဲ့အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူငယ် သင်တန်းဆရာ၊ ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိ သုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့။

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ (            )လ ၊ (        )ရက်

Scanned by CamScanner

## မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအခြေအနေအရပ်ရပ်တို့နှင့် ဘေးအန္တရာယ်အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာ များကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး၊ ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ် ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်ကြမည်ဟူသော လိုအပ်ချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရေးအစဉ်အစဉ်ကို ရေးဆွဲကြခြင်း ဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ကာ မှတ်တမ်းပြုစု သူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း Action Ald(INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကို မည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းသက်သက်စေ မည်လည်းဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံးအတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်းတွင်စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်တွင်မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက် အန္တရာယ်တို့ လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှလည်းကောင်း၊ INGO/NGO အဖွဲ့အစည်းအသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှလည်းကောင်း၊ ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်)

လေးစားစွာဖြင့်


အောင်မင်းနိုင်

အပူပိုင်းဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေဒ့်မြန်မာ

၀၉၇၉၄၄၀၂၆၉၇၊ ၀၆၂၆၀၄၁၂


Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်း လမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလာဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက် လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်း စာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူ စရာများ၊ ကြိုတင်သတိမူ စရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး၊ ကျေးရွာသူကျေးရွာသား များကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပိုမို၍အားသွန်ခွန် စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေး ဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်ပို၍ထိ ရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုး စားဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် ကိုအောင်ကို၊ မဥမ္မာခိုင်၊ မအေးစန်းဝင်း နှင့် ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်း ဝန်ထမ်း များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သည့် ပညာရှင်များပင်ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး

မကျီးစုကျေးရွာ၊ မကျီးစုအုပ်စု

မြိုင်မြို့နယ်

Scanned by CamScanner

# မြေပုံများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

Scanned by CamScanner

## ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာသစ်ပင်ပေါက်ပွားမှုအားမျိုးသုန်းပျောက် ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကိုဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ“ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်” ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- “သတိမမူ ဂူမမြင်” ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- “သို့သော် အနာသိက ဆေးရှိသည်” ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

## ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ “လိုလျှင်ကြံဆနည်းလမ်းရ” ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

Scanned by CamScanner

## ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက် သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

Scanned by CamScanner

- ➤ ငွင်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ➤ ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျှက် အထက်သို့ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်းအဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- ➤ "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

**အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်**

- ➤ အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

Scanned by CamScanner

**ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ဖယားရေးဆွဲရခြင်းရည်ရွယ်ချက်**

- ➢ လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များဦးစားပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကိုကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

**အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်**

- ➢ အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီးအခက်အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- ➢ " ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည် "ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ➢ ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

Scanned by CamScanner

## ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - မကျီးစုကျေးရွာ
- ကျေးရွာအုပ်စု - မကျီးစုကျေးရွာအုပ်စု
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်း
- မိသားစု စုစုပေါင်း - (၃၅၆)
- အိမ်ထောင်စုပေါင်း - (၃၃၅)

အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၆၁၅ | ၁၀၀၄ | ၁၆၁၈ |
| ၀ မှ ၅ နှစ်အောက် | | | |
| ၅ မှ ၁၃ နှစ်အောက် | | | |
| ၁၃ မှ ၁၈ နှစ်အောက် | | | |
| ၁၈ မှ ၃၅ နှစ်အောက် | | | |
| ၃၅ မှ ၆၀ နှစ်အောက် | | | |
| ၆၀နှစ်နှင့် အထက် | | | |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | ၁၈၅ | ၁၄၅ | ၅ | ၃၃၅ |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | | | | |
| မသန်စွမ်းဦးဆောင်မိသားစု | | | | |

အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပါတ်သက်သောပိုင်ဆိုင်မှုများ

- ဆိုင်ကယ်
- ဖုန်း
- နွားလှည်း
- နွားလှည်း(ရေ)
- တီဗွီ/ဗီဒီယို
- စက်ဘီး

Scanned by CamScanner

- ဂြိုလ်တု စလောင်း
- နွားစာစဉ်းစက်
- ဆီကြိတ်စက်
- အပ်ချုပ်စက်
- လယ်ထွန်စက်
- လက်တွန်းထွန်စက်
- ကား
- ရေနံတူးစက်

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(ခိုင်း)
- နွား(မွေး)
- ဝက်
- ဆိတ်

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း
- ပြည်ပ

စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)

- လယ်မြေ
- ယာမြေ
- သနပ်ခါးစိုက်ပျိုးမြေ
- စားကျက်မြေ
- သစ်တောမြေ-

သောက်သုံးရေရရှိမှု

- အဝီစိစက်ရေတွင်း
- ရေလှောင်ကန်
- ငွေကျယ်ရေတွင်း
- ရေပိုက်လိုင်းသွယ်
- မြစ်
- ချောင်း
- ဆည်
- လက်နှိပ်တုံကင်
- ရေပိုက်လိုင်းသွယ်

Scanned by CamScanner

အလုပ်အကိုင်ပိုင်ဆိုင်မှုနှင့်ထိခိုက်လွယ်အုပ်စုအမျိုးအစားအရမှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
| --- | --- | --- |
| 1 | နေ့စားလုပ်သား | |
| 2 | ထန်းတောပိုင်သူ<br>• ထန်းပင်(၂၀)အောက်ပိုင်သူ<br>• ထန်းပင်(၂၀ မှ ၅၀ကြား) ပိုင်သူ<br>• ထန်းပင်(၅၀ မှ ၁၀၀ ကြား)ပိုင်သူ<br>• ထန်းပင်(၁၀၀)အထက် ပိုင်သူ | |
| 3 | ထန်းလုပ်သား | |
| 4 | ဈေးရောင်း<br>• အကြော်/ပဲပြုတ်<br>• ဟင်းသီးဟင်းရွက်<br>• ကုန်စုံဆိုင် (အကြီး)<br>• ကုန်စုံဆိုင် (အသေး) | |
| 5 | လယ်ယာပိုင်သူ<br>• လယ်/ယာ(၁)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၂)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၃)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၄)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၅ မှ ၉))ဧက ကြားပိုင်သူ<br>• လယ်/ယာ(၁၀)ဧကနှင့် အထက်ပိုင်သူ | |

**ပညာရေးအခြေအနေ**

**ကျောင်းအမျိုးအစား/ဝန်ထမ်း**

- ကျောင်းဆရာ/ဆရာမ ဦးရေ
- မူလတန်း
- မူလွန်
- အလယ်တန်း
- အထက်တန်း

Scanned by CamScanner

ပညာတတ်မြောက်မှု

- ဘွဲ့ရ
- အထက်တန်းအောင်
- အထက်တန်း
- အလယ်တန်း
- မူလတန်း
- ပညာမတတ်
- အသုံးလုံး

ကျန်းမာရေး

- ဆေးခန်း
- အရံသားဖွား
- ဆေးဆရာ
- သူနာပြု
- တိုင်းရင်းဆေး
- အရပ်လက်သည်
- ဘိန်းတော

ကျန်းမာရေးဆိုင်ရာအခြေအနေ

- အိမ်သာအသုံးပြုသောမိသားစု
- အဖြစ်များသောရောဂါများ

မသန်မစွမ်း

- ခြေတစ်ဘက်
- ခြေနှစ်ဘက်
- ခါးကုန်း
- ပိုလီယိုမသန်စွမ်း
- ဆွံ့အ
- လေဖြတ်
-

အလုပ်အကိုင် ဆိုင်ရာများ

- တောင်သူ
- ထန်းတက်သူ
- ပန်းရံ/လက်သမား
- စက်ပြင်သူ
- လက်မှုပညာလုပ်ကိုင်သူ

Scanned by CamScanner

- ထန်းသားဖျင်သူ
- ကျောက်ထုသူ
- မုန့်လုပ်သူ
- အကြော်ကြော်ရောင်းသူ
- ယက္ကန်းယက်သူ
- ပန်းဘဲပြုလုပ်သူ
- ရေနံဖော်သူ
- စက်ချုပ်သူ
- ကားလုပ်ငန်း
- ဈေးဆိုင်

ကျန်းမာရေးအတွက် လုပ်ဆောင်ရန်

- ကျန်းမာရေးကျွမ်းကျင်ဝန်းထမ်း
- ဆေးခန်းဆောက်၊ ပြုပြင်
- ဆေးများ လုံလောက်ရန်
- သွားဖွားဆရာမ
- ကာကွယ်ဆေးများ

(......................................)

လူမှုရေးအတွက် လုပ်ဆောင်ရန်

- သက်ကြီးရွယ်အို(နွမ်းပါးသော) စောင့်ရှောက်ရေး။
- သာရေး၊ နာရေးအတွက်။
- မသန်စွမ်း(နွမ်းပါးသော)သူများ စောင့်ရှောက်ရေး။
- အသင်း၊ အဖွဲ့များ ဖွဲ့စည်းရေး။
- အားကစားနှင့် ပတ်သက်သော
- အမျိုးသမီးများအသင်းအဖွဲ့

စီးပွားရေးအတွက် လုပ်ဆောင်ရန်

- ရင်းနှီးမတည်ငွေ(ချေးငွေ)စိုက်/မွေး/အရောင်းဆိုင်စသဖြင့်
- ကုန်စည်ဒိုင်၊ အစုအဖွဲ့၊ အသင်းထောင်ခြင်း

Scanned by CamScanner

**ဆက်သွယ်ပို့ဆောင်ရေးအတွက် လုပ်ဆောင်ရန်**

- ဖုန်းကဒ် (၁ ကဒ်)
- တာဝါတိုင်

| | | |
|---|---|---|
| | ကျောက်ကြမ်း | |
| ○ လမ်း(ရွာအတွင်းပိုင်၊ ရွာချင်းဆက်) | မြေနီခင်း | လမ်းအသစ်ပြုပြင် |
| | ကတ္တရာ | |
| တံတား(သစ်သား၊ ကွန်ကရစ်၊ ဝါး) | အသစ်ဆောက် | |
| (အရှည်၊ အမြင့်၊ အကျယ်) | အဟောင်းပြုပြင် | |
| | အသစ် | |
| ရေကျော်(အရှည်၊ အကျယ်) | အဟောင်း | |

**စိုက်ပျိုးရေးအတွက် လုပ်ဆောင်ရန်**

- ဆည်
- တမံ
- ရေသွင်းမြောင်း
- မြေဆီလွှာထိန်းသိမ်းခြင်း
- လယ်၊ ယာ၊ မြေ ဖော်ထုတ်ခြင်း
- ရွာပိုင်ထွန်စက်

**မွေးမြူရေးအတွက် လုပ်ဆောင်ရန်**

- စားကျက်မြေ သတ်မှတ်ခြင်း၊
- ကာကွယ်၊ ကုသ၊ ပညာပေး

**ပညာရေးအတွက် လုပ်ဆောင်ရန်**

- ဆရာမ(    )ဦး
- ကျောင်းပြုပြင်ခြင်း
  (တံတား၊ ကြမ်းခင်း....စသဖြင့် ဖော်ပြရန်)
- ကျောင်းအသစ်ဆောက်ရန်

Scanned by CamScanner

- ကျောင်းပရိဘောဂ
  (စာသင်ခုံ၊ သင်ပုန်း စသဖြင့်)
- ကျောင်းအားကစားကွင်း
- မူကြိုကျောင်း
- စာကြည့်တိုက်ဆောက်/ပြုပြင်
  (စာအုပ်များ၊ အင်တာနက် နှင့် ကွန်ပျူတာစသဖြင့်)
- ပညာရေးသင်ကြားတက်မြောက်မှု အရည်အသွေးတိုးတက်လာရန်။

**လျှပ်စစ်မီးအတွက် လုပ်ဆောင်ရန်**

- KW အစိုးရလျှပ်စစ်မီး(၂ မိုင်အတွင်း)
- ဆိုလာလျှပ်စစ်မီး(      )စုံ (၂ မိုင်အကျော်)
- ရေအားလျှပ်စစ်မီး
- လေအားလျှပ်စစ်
- ဆိုလာမီးဖို (ချက်ပြုတ်ရန်)

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်ဆောင်ရန်**

- သစ်တောများပြန်လည် စိုက်ပျိုးတည်ထောင်ခြင်း
- သစ်တောကြိုးဝိုင်း သတ်မှတ်ထိန်းသိမ်းခြင်း
- အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း
- သစ်တောကာကွယ်ဥပဒေထုတ်ပြန်သတ်မှတ်ပေးပါရန်

**ကျေးရွာစွမ်းဆောင်ရည်မြင့်တင်ခြင်းအတွက် လုပ်ဆောင်ရန်**

- သင်တန်း
- စိုက်ပျိုးရေး
- မွေးမြူရေး
- ကျန်းမာရေး
- စီးပွားရေး (စျေးကွက်၊ စာရင်းအင်းစသဖြင့်)
- ကိုယ့်အားကိုယ်ကိုးအဖွဲ့ တည်ထောင်ခြင်း
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး
- မြေဆီလွှာ ထိန်းသိမ်းရေး
- ကျေးရွာလူငယ်များ ဗဟုသုတနှင့် ခေါင်းဆောင်မှုစွမ်းရည်မြင့်တင်တန်း

Scanned by CamScanner

- အမျိုးသမီးများ အိမ်တွင်းမှု့ပညာသင်တန်း
- အမျိုးသမီးနှင့်ကလေး သူငယ်များအား အကြမ်းဖက်မှု့မှ လျှော့ချရေးဥပဒေ
- အမျိုးသမီးများ ဦးဆောင်မှု့စွမ်းရည်မြင့်သင်တန်း
- သဘာဝဘေးအန္တရာယ်ထိခိုက်မှု့လျော့ချရေးသင်တန်းနှင့် ကိရိယာများ
- အသက်မွေးဝမ်းကျောင်းသင်တန်းများ
  (စက်ချုပ်၊ စက်ပြင်၊ ဖုန်းပြင်၊ စက်ဘီးပြင်၊ ဂဟေဆော်၊ လက်သမား၊ ပန်းရံ၊ လျှပ်စစ် ပစ္စည်းပြုပြင်၊ ဇာထိုး၊ ပန်းထိုး............)

**အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဒေသထိါက်ကုန် တိုးမြင့်ရေး**

- သစ်တောထိန်းသိမ်းရေး(စိမ်းလန်းစိုပြည်ရန် သစ်တောစိုက်ခြင်း)
- ဖျော်ရည် စက်ရုံ(ဇီး၊ မန်ကျည်း)
- ဘိလပ်မြေစက်ရုံ

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မကျီးစုကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြအစီရင်ခံစာ

### တည်နေရာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မကျီးစုကျေးရွာအုပ်စုတွင် မကျီးစုကျေးရွာ တည်ရှိပါသည်။ မကျီးစုကျေးရွာ၏(၁)မိုင်ခန့်အကွာတွင် မြိုင်မြို့နှင့်ပခုက္ကူမြို့ ဆက်သွယ်ထားသော ကားလမ်းကြီးရှိပါသည်။ မကျီးစုကျေးရွာသည် မြိုင်မြို့နှင့်(၁၃)မိုင်ခန့်ကွာဝေးပြီး ပခုက္ကူမြို့နှင့် (၁၄)မိုင်ခန့် ကွာဝေးပါသည်။ မကျီးစုကျေးရွာ၏ အရှေ့မြောက်ဘက်(၂)မိုင်ခန့်အကွာတွင် ဝါးကန်ကျေးရွာ၊ မြောက်ဘက်(၂)မိုင်(၄)ဖာလုံခန့်အကွာတွင် ဝါးသုံးအိုင်ကျေးရွာ၊ အနောက်ဘက် (၄)မိုင်ခန့်အကွာတွင် ကမကျေးရွာ စသည့်ကျေးရွာများ အသီးသီးတည်ရှိနေကြပါသည်။ မကျီးစုကျေးရွာ၏ မြောက်ဘက်(၁)မိုင်(၂)ဖာလုံခန့်အကွာတွင် ပခုက္ကူမြို့နှင့်ကလေးမြို့ဆက်သွယ်ထားသော မီးရထားလမ်းကြီး ရှိပါသည်။ မကျီးစုကျေးရွာတွင် အိမ်ထောင်စု ဦးရေ(၃၁၂)ဦးရှိပြီး အမျိုးသားဦးရေ(၆၇၆)ဦး၊ အမျိုးသမီးဦးရေ(၉၁၅)ဦး စုစုပေါင်းလူဦးရေ(၁၅၉၁)ဦး နေထိုင်ကြပါသည်။ ဗမာလူမျိုးများသာ နေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူများ ဖြစ်ကြပါသည်။

### လူမှုရေးပြအခြေအနေ

မကျီးစုကျေးရွာတွင် လူမှုရေးလုပ်ငန်းများအနေဖြင့် သန့်စင်မေတ္တာ လူမှုကူညီရေးအသင်း၊ မေတ္တာရှင် ရေကော်မတီအသင်းအဖွဲ့များ ရှိပါသည်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ကျေးလက်ဆေးပေးခန်း ရွာသူရွာသားများ ပူဇော်ဆည်းကပ်နိုင်ရန် ရွာဦးဘုန်းတော်ကြီးကျောင်း သာရေးနာရေးပွဲများတွင် ဝိုင်းဝန်းကူညီကြသော ကျေးရွာသူ၊ ရွာသားများ ရှိပါသည်။

### စီးပွားရေး အလုပ်အကိုင်

မကျီးစုကျေးရွာ၏ အဓိကစီးပွားရေးအလုပ်အကိုင်မှာ တောင်သူလယ်ယာစိုက်ပျိုးခြင်း လုပ်ကိုင်ကြပါသည်။ အချို့သော မိသားစုဝင်းများသည် မန္တလေးသို့၎င်း၊ ရန်ကုန်သို့၎င်း အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ ယောကျာ်းလေးအများစုမှာ အခြားဒေသများသို့ သွားရောက်၍ ကားမောင်းခြင်းများ လုပ်ကိုင်နေကြပါသည်။ ကျေးရွာအတွင်းတွင် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသော နွားမွေးမြူခြင်း၊ ဆိတ်မွေးမြူခြင်း၊ ဝက်မွေးမြူခြင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

### ကျန်းမာရေး

မကျီးစုကျေးရွာ၏ ကျန်းမာရေးအခြေအနေများမှာ ရာသီဥတုအလိုက် ဖြစ်ပွားလေ့ရှိသော မျက်စိနာခြင်း၊ သွေးလွန်တုပ်ကွေးဖြစ်ခြင်း၊ အအေးမိခြင်းတို့အများစု ရှိပါသည်။ စိတ်ဝေဒနာရှင် (၂)ဦးမျှ ရှိပြီး ကိုယ်လက်အင်္ဂါချို့ယွင်းသူ(၃)ဦးမျှသာ ရှိပါသည်။

Scanned by CamScanner

## ပညာရေး

မကျီးစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် မူကြိုတွင် ပညာသင်ယူနေသော ကျောင်းသားကျောင်းသူ(၂၇)ယောက်ရှိပြီး အခြေခံပညာမူလတန်းအဆင့်တွင် ပညာသင်ယူနေသော ကျောင်းသားကျောင်းသူဦးရေ(၁၇၃)ဦး၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပညာသင်ယူနေသော ကျောင်းသားကျောင်းသူဦးရေ(၁၄၉)ဦး ရှိနေပါသည်။ ကျောင်းသားကျောင်းသူစုစုပေါင်း(၃၄၉)ဦး ရှိနေပါသည်။ ပညာသင်ကြားပေးနေသော ဆရာ၊ဆရာမစုစုပေါင်း(၁၃)ဦးမျှသာ ရှိပါသည်။ မကျီးစုကျေးရွာ စာသင်ကျောင်းမှ စစ်ဗိုလ်လောင်း(၁)ဦး၊ ကျောင်းဆရာ၊ဆရာမ(၉)ဦး၊ ကုမ္ပဏီဝန်ထမ်း(၁၃)ဦး၊ ဘွဲ့ရဦးရေစုစုပေါင်း(၂၇)ဦး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

## ရာသီဥတုအခြေအနေ

မကျီးစုကျေးရွာ၏ ရာသီဥတုအခြေအနေမှာ နွေရာသီတွင် အလွန်ပြင်းပြီး မိုးရာသီတွင် မိုးအသင့်အတင့်သာ ရွာသွန်းလေ့ရှိနေပြီး၊ ဆောင်းရာသီမှာ အေးချမ်းလှပါသည်။ ရာသီဥတုဖောက်ပြန်လေ့ နည်းပါးပြီး ပူးပြင်းသော ရာသီဥတုသာ အများအားဖြင့် ခံစားနေကြရပါသည်။

## စိုက်ပျိုးရေး

မကျီးစုကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ(၁)မြေပဲ၊ (၂)နှမ်း၊ (၃)ပဲတီစိမ်း၊ (၄)ပဲစိမ်းငုံ၊ (၅)ကုလားပဲ တို့ကိုသာ အများစု စိုက်ပျိုးကြပါသည်။ မြေပဲကို မိုးဦးကာလတွင် စိုက်ပျိုးကြပါသည်။ နှမ်းစိုက်ပျိုးလေ့ရှိသော အချိန်မှာ မိုးဦးကာလတွင်လည်းကောင်း၊ မိုးလယ်ကာလများတွင်လည်းကောင်း စိုက်ပျိုးလေ့ရှိကြပါသည်။ မိုးဦးကာလတွင် ပဲတီစိမ်းများနှင့် ပဲစိမ်းငုံ(ပဲမာ)များ စိုက်ပျိုးကြပါသည်။ အများအားဖြင့် ကုလားပဲကို မိုးနှောင်းကာလတွင်သာ စိုက်ပျိုးကြပါသည်။ မိုးရေလုံလောက်မှု မရရှိခြင်းကြောင့် ဥယျာဉ်ခြံစိုက်ပျိုးမှု မရှိကြပါ။

## အရင်းအမြစ်

မကျီးစုကျေးရွာ၏ အရင်းအမြစ်များမှာ စေတီများနှင့်ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ကျေးရွာပိုင်စက်ရေတွင်းနှင့်ရေစည်၊ ရေလှောင်တမံ၊ တိရိစ္ဆာန်များသောက်သုံးရန် ရေကန်၊ သုသာန် တို့ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သူများ ကိုးကွယ်ယုံကြည်သော စေတီပုထိုးများနှင့် သာရေးနာရေးပွဲများ ပေါ်ပေါက်လာလျှင် အဆင်ပြေစေရန် ဘုန်းတော်ကြီးကျောင်း ရှိပါသည်။ ကျေးရွာအတွင်းရှိ ကလေးသူများ ပညာသင်ကြားနိုင်ရန် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများ စိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်စားသောက်ကြသော လယ်ယာမြေများလည်း ရှိပါသည်။

Scanned by CamScanner

## ဘာသာရေးပွဲတော်

မကျီးစုကျေးရွာတွင် တန်ခူးလတွင် ရေသဘင်ပွဲတော် ကျင်းပပါသည်။ ဝါဆိုလတွင် ကျေးရွာ၏ ဘုန်းကြီးကျောင်းတွင် တည်ထားကိုးကွယ်သော စေတီတော်များကို ဝါဆိုပန်းများ ကပ်လှူပူဇော်ကြပါသည်။ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့တွင် ဗုဒ္ဓဘာသာစာပေဖြစ်သော မင်္ဂလာတရားတော်စာမေးပွဲ ကျင်းပလေ့ရှိပါသည်။ နတ်တော်လတွင် ကျေးရွာ၏ ရွာဦးကျောင်း အတွင်းတွင် တည်ထားကိုးကွယ်သော စေတီတော်ကို ဗုဒ္ဓပူဇနီယပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများနှင့် ကျင်းပလေ့ရှိပါသည်။

## ထိခိုက်လွယ်မှု

မကျီးစုကျေးရွာ၏ မြောက်ဘက်(၂)ဖာလုံခန့်အကွာရှိ ရေလှောင်တမံမှ ပျက်စီးလာလျှင် ရေလွှမ်းမိုးမှု စိုးရိမ်ခံစားကြရပါသည်။ ကျေးရွာရှိ သက်ကြီးရွယ်အိုများကိုလည်း စောင့်ရှောက်ကူညီ ပေးကြရပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မကျီးစုကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၏
လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| နေ့စွဲ | - 16.1.2017 | စတင်ချိန် | -1.00 နာရီ |
| နေရာ | -မကျီးစုကျေးရွာဦးကျောင်းဓမ္မာရုံ | ပြီးဆုံးချိန် | - 5.00 နာရီ |
| ပွဲပိုးသူ | - ဦးတင်ကို | ကြာချိန် | - 4.00 နာရီ |

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကို ဦးတင်ကို မှ ရေးဆွဲပါသည်။ ဦးဖိုးအောင် မှ မကျီးစုရွာ၏ ပုံသဏ္ဍာန်နှင့် နယ်နိမိတ်သည် စတုရန်းပုံနှင့်တူကြောင်းကို ပြော၍ ဦးတင်ကို ရေးဆွဲသွားကြောင်းကို ပြောပြီး၊ ၎င်းနောက် အခြားသော တစ်ဦးမှလည်း မီး၊ ရွာ၊ လမ်း၊ အိမ်၊ ရေကန်စသည်တို့ကို ရေရှည်တည်တံ့ခိုင်မြဲထားရှိအောင် ထိန်းသိမ်းရမည့်အကြောင်းကို ဆွေးနွေးသွားကြပါသည်။

မှတ်တမ်းတင်လိုက်သူ၏အမည်-ဦးတင်ကို

လက်မှတ်-

ခေါင်းဆောင်အမည်-

လက်မှတ်-

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မကျီးစုကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၏
လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ အစည်းအဝေးတက်ရောက်သူများစာရင်း

23.1.2017

| အမည် | လက်မှတ် |
|---|---|
| ဦးပဏ္ဍိတ | |
| ဦးဖိုးအောင် | |
| ဦးအောင်ကို | |
| ဒေါ်အေးစန်းဝင်း | |
| ဒေါ်ဥမ္မာခိုင် | |
| ဦးဆန်းထွန်း | |
| ဦးအောင်ဆန်း | |
| ဦးရွှေငြိမ်း | |
| ဦးမောင်နိုင် | |
| ဦးဖြိုးလှိုင် | |
| ဦးဖိုးခင် | |
| ဦးမြဝင်း | |
| ဦးဇော်လွင် | |
| ဦးဝင်းဆွေ | |
| ဦးဖိုးထွန်း | |
| ဦးလှပိုင် | |
| ဦးကံချွန် | |
| ဦးဖိုးထော် | |
| ဦးရဲမြင့် | |
| ဦးမြမောင် | |
| ဦးကျော်သွင် | |
| ဦးအောင်တိုး | |
| ဦးတင်ထွန်းအောင် | |

Scanned by CamScanner

| | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | | | | | | | | | | |
| မွေးမြူရေး | | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် | နွား ဆိတ်/ဝက် |
| ကျန်းမာရေး | | | သွေးလွန် တုပ်ကွေး | ဝမ်းပျက် ဝမ်းလျှော | တုပ်ကွေး | တုပ်ကွေး | နှာစေး ဖျား၊နာ | ဖျား၊နာ | ဖျား၊နာ | အအေးမိ | နှာစေး ချောင်းဆိုး | — |
| ဘာသာရေး | | | — | | — | — | | | ဘုရားပွဲ | — | — | ပိုးကာပွဲ |
| ငွေချေးခြင်း | | — | — | — | — | — | — | — | | — | — | |
| ပညာရေး | ဘ.က | ဘ.က | | | | | | | | | | — |
| တောင်သူထွက်ငွေ | ၁၁သိန်း | ၁သိန်း ၅သောင်း | ၅သိန်း | ၃၈သိန်း | ၃၈သိန်းခွဲ | သုံးသိန်းခွဲ | ၃၈သိန်းခွဲ | သုံးသိန်းခွဲ | သုံးသိန်းခွဲ | သုံးသိန်းခွဲ | ၃၈သိန်း | ၃၈သိန်း |
| တောင်သူဝင်ငွေ | — | — | — | ငါးသောင်း | လေးသိန်းခွဲ | လေးသိန်း | — | ငါးသိန်း | ငါးသိန်း | တစ်ဆယ်သိန်း ၃၈သိန်း | ငါးသိန်း | သုံးသိန်း |
| နေ့စားဝင်ငွေ | လေးသောင်းခွဲ | ငါးသောင်းခွဲ | ၃၅သောင်းခွဲ | ၅၈သောင်းခွဲ | တစ်သိန်းခွဲ | တစ်သိန်းခွဲ | တစ်သိန်းခွဲ | တစ်သိန်း ငါးသောင်း | တစ်သိန်း ငါးသောင်း | တစ်သိန်း ၃၅သောင်း | တစ်သိန်း | တစ်သိန်း |
| နေ့စားထွက်ငွေ | ၃၅သောင်းခွဲ | ၃၅သောင်းခွဲ | ၅၈သောင်း | ၅၈သောင်း | ၅၈သောင်းခွဲ | ၅၈သောင်းခွဲ | ကိုးသောင်း | တစ်သိန်း | တစ်သိန်းခွဲ | တစ်သိန်း | တစ်သိန်း | တစ်သိန်း |
| ဝမ်းစာလုံလောက်မှု | | | | | | | | | | | | — |

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မကျီးစုကျေးရွာအုပ်စု၊ မကျီးစုကျေးရွာ၏ ရာသီခွင်ပြ အစီရင်ခံစာ

### တန်ခူး/ကဆုန်

မကျီးစုကျေးရွာ၏ ရာသီဥတု အခြေအနေမှာ အလွန်ပူပြင်း၍ ခြောက်သွေ့သော ရာသီဥတုဖြစ်ပါ သည်။ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် မိုးရွာသည့်အခါ စိုက်ပျိုးနိုင်ရန်အတွက် ယာမြေများကို ထွန်ယက် ခြင်း ပြုလုပ်နေပါသည်။ စားဝတ်နေရေး အဆင်ပြေရန်အတွက် နွား၊ ဝက်၊ ဆိတ် တို့ကိုလည်း မွေးမြူကြပါ သည်။ ပူပြင်းသောရာသီဥတုကြောင့် မျက်စိနာရောဂါများ ကလေးသူငယ်များတွင် ဖြစ်လေ့ရှိပါသည်။ မြန်မာနိုင်ငံ၏အဓိကပွဲတော်ဖြစ်သော တန်ခူးလတွင် ကျင်းပသည့် ရေလောင်းပွဲတော်ကိုလည်း နှစ်စဉ် နှစ်တိုင်း ပါဝင်ဆင်နွှဲကျင်းပပါသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် မိမိကျေးရွာ၏ ရေသဘင်ပွဲ တော်တွင် ပါဝင်ဆင်နွှဲရန် ရွာသို့ ပြန်လာကြပါသည်။ ကျေးရွာ၏ စာသင်ကျောင်းမှာလည်း ကျောင်းသားများကို အနားပေး ထားသော ကာလဖြစ်ပါသည်။ တောင်သူဦးကြီးများသည် ဝင်ငွေမရှိဖြစ်ပြီး ထွက်ငွေ (၂၅၀၀၀၀)ကျပ်ခန့်ရှိနေပါသည်။ ကြားပန်းအလုပ်သမားများသည်လည်း ဝင်ငွေ(၁၁၀၀၀)ကျပ် ခန့်ရှိပြီး ထွက်ငွေ(၁၅၀၀၀)ကျပ် ရှိနေပါသည်။ ဝမ်းစာဖူလုံမှုအနေဖြင့်လည်း ဝင်ငွေနည်းပါး မှုကြောင့် အခက်အခဲ အနည်းငယ် ရှိနေပါသည်။

### နယုန်/ဝါဆို/ဝါခေါင်

မကျီးစုကျေးရွာ၏ ရာသီဥတုအနေဖြင့် မြန်မာနိုင်ငံသို့ မုန့်သုန်လေ စတင်ဝင်ရောက်လာ သောကြောင့် မိုးအနည်းငယ်ရွာသွန်းလာ၍ စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်သော ကာလဖြစ်ပါသည်။ မိုးတွင်းကာလဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများသည်လည်း စိမ်းစိုနေ ပါသည်။ နွား၊ ဝက်၊ ဆိတ်တို့ကို လည်း မွေးမြူကြပါသည်။ မိုးရာသီကာလဖြစ်သောကြောင့် ရေပုတ်များ၊ ရေမြောင်းများကြောင့် ခြင်များ ပေါများလာပါသည်။ သို့ဖြစ်ပါ၍ သွေးလွန်တုတ်ကွေး ရောဂါများသည် ကလေးသူငယ်များတွင် ဖြစ်လေ့ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက် (၂)ဖာလုံ ခန့်တွင်တည်ရှိသော ပေါ်တော်မူဘုရားအား အမှူးထား၍ သံဃာတော်များကို တက်စွမ်းသမျှ

ဝါခေါင်လပြည့်တွင် လှူဒါန်းမှုများ ပြုလုပ်လေ့ ရှိပါသည်။ ရွှေ့ပြောင်း အလုပ်သမားများ စီးပွားရေး အဆင်ပြေရန် ဝင်ငွေရရှိနိုင်သော ဒေသများသို့ အလုပ်လုပ်သွားနေကြရပါသည်။ ကျောင်းသားများ အနေဖြင့် ကျောင်းစတင်တက်ရောက်ကြရပါသည်။ တောင်သူဦးကြီးများအနေဖြင့် မျိုးစေ့စိုက်ပျိုး နေချိန် ဖြစ်သည့်အတွက် ထွက်ငွေ(၉၅၀၀၀၀)ကျပ်ခန့် ရှိနေပြီး ဝင်ငွေလည်း (၉၅၀၀၀)ကျပ် ခန့် ရရှိနိုင်ပါသည်။ ကြားပန်းအလုပ်သမားများသည် ထွက်ငွေ(၂၄၀၀၀၀)ကျပ်ခန့် နေပြီး ဝင်ငွေမှာ လည်း (၁၇၀၀၀၀)ကျပ်ခန့် ရရှိနေပါသည်။ ဝမ်းစာဖူလုံမှုအနေဖြင့် အနည်းငယ် အဆင်ပြေ နေပါသည်။

### တော်သလင်း/သတင်းကျွတ်

မကျီးစုကျေးရွာ၏ ရာသီဥတုအခြေအနေမှာ မိုးများသော အချိန်ကာလ ဖြစ်ပါသည်။ စိုက်ပျိုးရေးအနေဖြင့် ဆောင်းနှမ်းများ စတင်စိုက်ပျိုးချိန်ဖြစ်ပါသည်။ ဘာသာရေးပွဲတော်အနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော် ပြုလုပ်လေ့ ရှိပါသည်။ မိုးများသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရော ဂါများ ကလေးသူငယ်များတွင် ဖြစ်လေ့ရှိပါသည်။ တောင်သူဦးကြီးများ ထွက်ငွေမှာလည်း (၆၀၀၀၀၀)ကျပ်ခန့် ရှိပြီး ဝင်ငွေများလည်း (၄၀၀၀၀၀)ကျပ်ခန့် နီးပါး ရရှိလာပါသည်။ ကြားပန်း အလုပ်သမားများသည် ထွက်ငွေ(၁၇၀၀၀၀)ကျပ်ခန့်ရှိပြီး ဝင်ငွေလည်း(၂၇၀၀၀၀)ကျပ် နီးပါး ရရှိ ပါသည်။ ဝမ်းစာဖူလုံမှုအနေဖြင့် အသင့်အတင့်အနေအထားတွင် ရှိနေပါသည်။

### တန်ဆောင်မုန်း/နတ်တော်

မကျီးစုကျေးရွာ၏ ရာသီဥတုအခြေအနေမှာ အေးချမ်းစပြုလာသော အချိန်ကာလဖြစ်ပါ သည်။ စိုက်ပျိုးရေးအနေဖြင့် သီးနှံပင်များကို ရိတ်သိမ်းနေကြရပါသည်။ မွေးမြူရေးလုပ်ငန်းများ မှာ နွား၊ ဝက်၊ ဆိတ်၊ ကြက် တို့ကိုလည်း မွေးမြူကြပါသည်။ ကျန်းမာရေးပြဿနာ မရှိသလောက် နည်းပါးပါသည်။ ဘာသာရေးပွဲတော်အနေဖြင့် ရွာဦးကျောင်းတွင် တည်ထားကိုးကွယ်သော ပေါ်တော်မူမြတ်စွာဘုရား ပွဲတော်ရှိပါသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် မိမိကျေးရွာ၏ ဘုရားပွဲတော်ကို ပြန်လာလေ့ရှိကြ ပါသည်။ တောင်သူဦးကြီးများ၏ ဝင်ငွေရရှိမှုမှာ (၁၀၀၀၀၀၀) ကျပ်ခန့် ရှိပြီး ထွက်ငွေမှာ(၇၀၀၀၀)ကျပ်ခန့်အထိ ရှိလာပါသည်။ ကြားပန်းအလုပ်သမားများ သည် ဝင်ငွေ(၃၀၀၀၀၀)ကျပ်ခန့် ရှိလာပြီး ထွက်ငွေ(၂၅၀၀၀၀)ကျပ်ခန့် ရှိနေပါသည်။ ဝမ်းစာ ဖူလုံရေးအနေဖြင့် အဆင်ပြေစ ပြုလာပါသည်။

### ပြာသို/တပို့တွဲ/တပေါင်း

